the voice of spring

7.6.2021 · Monday · No . 61 · Daily News Pamphlet

## တရားရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာနဆိုင်ရာ ဝန်ကြီး(၃)ဦးကို NUG ခန့်အပ်ခဲ့

သတင်းတို

ရင်းမြစ် – NUG မှ

## ကုလအဂတိလိုက်စားမှုကာကွယ်တိုက်ဖျက်ရေး ညီလာခံသို့ NUG သံအမတ်ကြီးဦးကျော်မိုးထွန်း မိန့်ခွန်းပြောခဲ့

သတင်းတို

ရင်းမြစ် – NUG မှ

## အကြမ်းဖက်စစ်အုပ်စု၏တပ်ဖွဲ့များမှ အထပ်မြင့်အဆောက်အဦးများတွင်နေရာယူ၍လမ်းသွားလမ်းလာပြည်သူများကို စနိုက်ပါနှင့် ပစ်သတ်ခြင်း၊ ဘာသာရေးအဆောက်အဦးများကို ပစ်မှတ်ထား၍ လက်နက်ကြီးနှင့် ပစ်ခတ်ခြင်း၊ ပြည်သူများကို လူသားဒိုင်းအဖြစ် အသုံးပြုခြင်း အစရှိသည့် ရာဇဝတ်မှုများကို ဒီးမော့ဆိုနှင့် မိုးဖြဲတို့၌ ကျူးလွန်လျက်ရှိဟုသိရ

သတင်းတို

ရင်းမြစ် – KNDF မှ

## ကျေးရွာပေါင်းစုံနှင့် ပြောက်ကျားသပိတ်စစ်ကြောင်းများကို နိုင်ငံအနှံ့ နေ့စဉ်မပြတ် ပြုလုပ်ခဲ့ကြ







ဇွန်လ(၆)ရက်၊ လူအင်အားထောင်ချီသော မုံရွာကျေးရွာပေါင်းစုံသပိတ်၊ ကလေးမြို့ ပင်မသပိတ်စစ်ကြောင်း နှင့် မန္တလာတက္ကသိုလ် သပိတ်စစ်ကြောင်းများကို တွေ့မြင်ရစဉ် -(ဓါတ်ပုံ- CJ )

## မင်းတပ်မြို့ရှိ စစ်ဘေးရှောင်စခန်းများကို စားနပ်ရိက္ခာ ပိတ်ဆို့ဖြတ်တောက်ထားပြီး စစ်အုပ်စုမှ စစ်ကြောင်း (၃)ကြောင်းခန့်နှင့် ထိုးစစ်ဆင်ဖို့ခဲ့လျက်ရှိဟု CDF ပြော

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

## ချင်းပြည်နယ်၊ ဟားခါးမြို့တွင် ဗုံး(၃)လုံးခန့်ပေါက်ကွဲမှု ဖြစ်ပွားရာ CDF လူငယ်(၃)ဦး သေဆုံးခဲ့ပြီး စစ်အုပ်စုမှ ဒေသခံ(၃၀)ကျော်ကို မတရားဖမ်းဆီးထားကြောင်းသိရ

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## ယင်းမာပင်မြို့နယ်၊ စည့်စွဲတောင်၌ စစ်အုပ်စုနှင့် တိုက်ပွဲ ဖြစ်ပွားနေပြီး ဒေသခံများ နေရပ်စွန့်ခွာထွက်ပြေးနေကြရ

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

## အာဆီယံနှင့် တရုတ်အစည်းအဝေး မစတင်မီ စစ်အုပ်စု ခေါင်းဆောင်နှင့် တရုတ်သံအမတ်ချန်ဟိုင်း တို့တွေ့ဆုံခဲ့

သတင်းတို

ရင်းမြစ် – RFA မှ

## စစ်အုပ်စုမှ ချုပ်ကိုင်ထားသော မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းကို အမေရိကန်၊ ဥရောပနှင့်နိုင်ငံတကာအဖွဲ့များက ပိတ်ဆို့အရေးယူရန်ပြင်ဆင်နေ

သတင်းတို

ရင်းမြစ် – ခေတ်သစ် မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊ ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှု(လုံးဝ)မရပ်တန့်စေရ။

ဖေဖော်ဝါရီ(၁)ရက်မှ ဇွန်(၆)ရက်အထိ

ကျဆုံးသူဦးရေ - ၈၄၉ ဦး

အဖမ်းဆီးခံရသူဦးရေ- ၅၈၁၇ ဦး

ဝရမ်းထုတ်ခံရသူဦးရေ- ၁၉၃၆ ဦး

ရင်းမြစ် – အေအေပီပီမှ

the voice of spring
7.6.2021 · Monday · No . 61 · Daily News Pamphlet

# သတင်းမှတ်စု

ဇွန်လ(၆)ရက်၊ ၂၀၂၁

- ဒီးမော့ဆိုမြို့နယ်၊ ဒေါ်ငံခါး လမ်းဆုံအနီး၌ စစ်အုပ်စုက နံနက်(၆)နာရီခန့်ကတည်းက လက်နက်ကြီးများနှင့် ပစ်ခတ်နေမှုကြောင့် ဒေါ်ငံခါး ငြိမ်းချမ်းခြင်းသခင်မကတ်သလစ် ဘုရားကျောင်း ကျည်ထိမှန်ကာ အဆောက်အဦးအစိတ်အပိုင်း အချို့ပျက်စီးခဲ့ပြီး လူနေအိမ်များလည်း ပျက်စီး မီးလောင်ခဲ့။
- စစ်ကိုင်း မုံရွာ-ယာကြီးလမ်း တန်ပို (၅) ဂိတ်အနီးတွင် အရပ်ဝတ် စစ်အုပ်စုလက်နက်ကိုင်များနှင့် စစ်ကိုင်းပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့တိုက်ပွဲများဖြစ်နေပြီး စစ်အုပ်စုက လက်နက်ကြီးများနှင့်ပါ ပစ်ခတ်နေသဖြင့် ဒေသခံများ ဘေးလွတ်ရာသို့ တိမ်းရှောင်နေရ။
- ရှမ်း၊ ရွှေညောင်မြို့ရှိ မြို့လယ်မီးပွိုင့်လမ်းဆုံ၌ ဇွန်(၅)ရက်၊ ည(၈)နာရီကျော်ခန့်က ဆိုင်ကယ်စီးလာသူ လူငယ်(၃)ဦးကို စစ်အုပ်စုက အကြောင်းမဲ့လိုက်လံပစ်ခတ်ခဲ့သည့်အတွက် ကိုသန့်စင်အောင်နှင့် ကိုသိန်းနိုင်တို့ (၂)ဦး ကျဆုံးခဲ့ရပြီး ကိုခိုင်ဇော်ဝင်းကို ဖမ်းဆီးသွားခဲ့ဟုသိရ။
- ကချင်၊ မိုးကောင်းမြို့နယ်၊ မန်ရွက်ကျေးရွာ NLD အမှုဆောင်နှင့် ရပ်ကျေးဥက္ကဋ္ဌ ဦးကျော်အုန်း၊ ဗန်းမော်မြို့ရှိ ခရိုင် NLD အလုပ်အမှုဆောင် ဦးမြင့်သိန်း၊ မြို့နယ်ဘဏ္ဍာရေးမှူး ဦးချစ်ကိုနှင့် အလုပ်အမှုဆောင် ဦးဒီဒေးဗစ် အပါအဝင် ညောင်ပင်ရပ်နေ ကိုဝင်းနိုင်ဦးဆိုသူ၏ ညီနှင့် မင်းကျောင်းကုန်းရပ်ကွက်နေ ဒေါ်ညွန့်ကြည်တို့ကို စစ်အုပ်စုက ဇွန်(၅)ရက်၊ ညပိုင်း၌ ဖမ်းဆီးခဲ့ဟုသိရ။





- ဖလမ်းမြို့နယ်၊ မြို့မရဲတပ်ဖွဲ့မှူးရုံး၌ တာဝန်ထမ်းဆောင်နေသည့် ရဲတပ်သား တစ္ခန်းကျန်ထန်းမှာ စစ်အုပ်စုလက်အောက်တွင် တာဝန် မထမ်းဆောင်လိုသဖြင့် CDM ပြုလုပ်၍ ပြည်သူနှင့် ပူးပေါင်းလာဟုသိရ။
- မကွေးတိုင်းတခုလုံးရှိ အခြေခံပညာမှ အထက်တန်းနှင့် အလယ်တန်းအဆင့် CDM ကျောင်းအုပ်(၂၂၂)ဦးကို စစ်အုပ်စုက ရာထူးမှ အပြီးထုတ်ပယ်ခဲ့ဟုသိရ။
- မိတ္ထီလာ တက္ကသိုလ်အတွင်း၌ တပ်စွဲထားသည့် စစ်အုပ်စုအချင်းချင်းကြား ပစ်ခတ်မှုကြောင့် ဇွန်(၅)ရက်၊ ည(၉)နာရီခန့်က ရဲတပ်ကြပ်တဦး သေဆုံးခဲ့ဟုသိရ။
- ရန်ကုန်၊ ရွှေပြည်သာမြို့၊ (၁၀)ရပ်ကွက် ရတနာသီရိလမ်းရှိ အုပ်ချုပ်ရေးမှူးရုံး၌ နံနက်(၉)နာရီခွဲခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့။
- သာကေတမြို့နယ်၊ သုမနလမ်းမကြီးပေါ်ရှိ ကြံ့ဖွံ့အမတ်လောင်းနေထိုင်သော ဒေါ်ဖွားမေ မုန့်ဟင်းခါးဆိုင်၌ နေ့လယ်(၂)နာရီခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ဟုသိရ။
- မန္တလေး၊ အောင်ပင်လယ်ရပ်ကွက်၊ ၅၄ နှင့် ၁၀၅ လမ်းထောင့်နားရှိ ရပ်ကွက်ရုံး၌ လုံခြုံရေးယူထားသည့် စစ်အုပ်စုကို ဇွန်(၅)ရက်၊ ည (၈:၁၅)ခန့်က ဗုံးနှင့် ပစ်ခတ်တိုက်ခိုက်ခဲ့ဟုသိရ။
- ရှမ်းမြောက်၊ ကွတ်ခိုင်နှင့် မုန်မစ်ဆင်လီကြား မန်ပိန်းရွာအထက်ဘက်ရှိ စစ်အုပ်စုလက်အောက်ခံ ပြည်သူ့စစ်အဖွဲ့အား KIA တပ်ဖွဲ့များက ဇွန်(၅)ရက်၊ ည(၁၁)နာရီခွဲခန့်က ဝင်ရောက်စီးနင်းရာ သေနတ်ပင်မဖောက်ခဲ့ရဘဲ လက်နက်နှင့် လက်လုပ်မိုင်းများ သိမ်းယူရရှိခဲ့ဟုသိရ။
- ရန်ကုန်၊ ရွှေပြည်သာ၊ မြောက်ဒဂုံ၊ စမ်းချောင်း၊ မြေနီကုန်း။ မန္တလေး၊ တပ်ပေါင်းစု၊ အောင်ပင်လယ်၊ အောင်မြေသာစံ၊ ရတနာပုံ၊ တကသ၊ စက်မှု၊ သမဝါယမကောလိပ်၊ သံဃသမဂ္ဂ။ မြင်းခြံ။ ညောင်ဦး။ မုံရွာ။ ဘုတလင်၊ ကျေးရွာပေါင်းစုံ။ ဟုမ္မလင်း မြို့နယ်၊ နမ့်တောကျေးရွာ။ ဆားလင်းကြီး၊ ကျေးရွာပေါင်းစုံနှင့် ယင်းမာပင်။ တန့်ဆည်။ မြိုင်။ ကလေးမြို့။ ရေဖြူ၊ ကံပေါက်။ သရက်ချောင်း၊ သရက် နှစ်ခွ။ ထားဝယ်။ လောင်းလုံမြို့နယ်၊ မောင်း မကန်၊ ဝေဒီ၊ ညင်းမော်၊ စစ်ပြဲ၊ တီဇစ်ကျေးရွာများ။ ဖားကန့်မြို့၊ တာမခန်၊ အေးမြသာယာ။ ကချင်၊ မိုးကောင်း။ ကရင်၊ ဘုရားသုံးဆူမြို့။ ရှမ်း၊ ကျောက်မဲ စသဖြင့် မြို့အသီးသီး၌ လူ အင်အားရာချီသော သပိတ်စစ်ကြောင်းကြီးများနှင့် ချီတက်ဆန္ဒဖော်ထုတ်ခဲ့ကြဟုသိရ။

ရင်းမြစ် – မဇ္ဈိမ

## ဥုန်မိုးစက်များ

ကောင်းကင်ကနေ
ရင်ခွဲပြီး
ပြိုကျလာမယ့်
သူရဲကောင်း မိုးစက်များလို။

ထစ်ချုန်းပြမယ်
ပြိုကျမယ်
မိစ္ဆာတွေ
ရေမှာ မျောသွားစေ။

နယုန်မိုးပြေး
မြက်သားမွေးပြီး
နိုင်ငံတော်
ငြိမ်းအေးစေရမယ်။

ဥုန်မိုးစက်ကြား
စံပယ်များ လှိုင်အောင်ပွင့်ပြမယ်။

လကျာ်၉








ဇွန်လ(၆)ရက်၊ တန့်ဆည်၊ သရက်နှစ်ခွ၊ ဖားကန့်မြို့တို့၌ ပြုလုပ်ခဲ့သည့် ပင်မသပိတ်စစ်ကြောင်းများကို အသီးသီးတွေ့မြင်ရစဉ်-(ဓါတ်ပုံ-CJ)

fb.com/thevoiceofspring · twitter@NewsPamphlet · thevoiceofspringdaily@gmail.com

**အရေးတော်ပုံ မုချ အောင်ရမည်**

### နွေဦးစကား ဒို့ပြောကြား

“ကလေးကိုကျောင်းပို့မယ် စဉ်းစားတိုင်း တောထဲမှာပုန်းနေရတဲ့ ရွယ်တူကလေးတွေကိုသတိရပါ”